dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဂက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How can the Elections be Monitored?"*

ဖြစ်ပါတယ်။

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ “ရွေးကောက်ပွဲကို ဘယ်သူတွေစောင့်ကြည့်မလဲ၊ ဘယ်လိုစောင့် ကြည့်ကြမလဲ” ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

၂၀၁၅ ရွေးကောက်ပွဲအတွက် အပြိုင်အဆိုင်မဲဆွယ်စည်းရုံးမှုတွေကတော့ စနေကြပါပြီ။ အဲဒီထဲကမှ မဲဆန္ဒနယ်မြေများပြားရှိထားကြတဲ့ အဓိကပါတီကြီးနှစ်ခုတို့ရဲ့ အပြိုင်အဆိုင်မဲဆွယ်စည်းရုံးမှုတွေကို စိတ်ဝင်စားသူများပြားပြီး ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားတဲ့ အချက်တို့နဲ့ဘောင်ဝင်မှု ရှိမရှိ စောင့်ကြည့်လေ့လာနေသူတွေလည်း ရှိနေပါတယ်။ ဒါပေမယ်လို့ ရွေးကောက်ပွဲဟာ နိုင်ငံရဲ့အသက် ဖြစ်နေတာကြောင့် ဒီလောက်နဲ့လုံလောက်မှုတပြီလို့ ဆိုနိုင်မှာ မဟုတ်ပါဘူး။

ရွေးကောက်ပွဲကော်မရှင်က နောက်ဆုံးပြန်ထားချက်အရ နိုင်ငံတွင်းမှာ ဆန္ဒမဲပေးနိုင်သူဦးရေ ၃၂ သန်းရှိတယ်လို့ဆိုထားပါတယ်။ လက်ရှိမှာတော့ ဝေဖန်မှုများစွာနဲ့ ရင်ဆိုင်နေရတဲ့ မဲစာရင်းတွေက အခုလ ၁၄ ရက်နေ့က နောက်ဆုံးအကြိမ်ထွက်ရှိလာတဲ့အကြိမ်မှာဝေဖန်မှုတွေကို အဆုံးသတ်ပေးနိုင်ခြင်း မရှိခဲ့ဘဲ နိုင်ငံအနှံ့က မဲစာရင်းထုတ်ပြန်ရာနေတိုင်းမှာ ပွက်လောရိုက်ပြီး လက်ရှိအစိုးရနဲ့ ကော်မရှင်အပေါ် အမြင်မလှမှု ဖြစ်နေတာတွေရပါတယ်။

မြန်မာအစိုးရဘက်ကတော့ လာမယ့်ရွေးကောက်ပွဲအပေါ် ယုံကြည်မှုရနိုင်ဖို့အတွက်ကြိုးပမ်းဆောင် ရွက်နေပြီး လက်ရှိကော်မရှင်ဥက္ကဋ္ဌကလည်း လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကော်ပွဲဖြစ်အောင်လုပ် ဆောင်သွားမယ်လို့ဆိုထားပါတယ်။ လက်ရှိမှာတော့ ရပ်ကွက်၊မြို့နယ်တွေမှာ ထွက်ရှိလာတဲ့ မဲစာရင်းတွေရဲ့ မှန်ကန်မှုရာခိုင်နှုန်းဟာ အတော်လေးကို နည်းပါးလွန်းနေတဲ့အပြင် ပြန်လည်ပြင်ဆင်ပေးခြင်း ဆောင်ရွက်ပေးတဲ့နေရာမှာလည်း အားနည်းချက်တွေ အတော်လေးရှိနေတာကြောင့် ရွေးကောက်ပွဲအပေါ် အစိုးရရဲ့ ပံ့ပိုးမှုပိုင်းကိုလည်း ဝေဖန်ကြလျက် ရှိပါတယ်။

လာမယ့်နိုဝင်ဘာလမှာ ပြုလုပ်မယ့်ရွေးကောက်ပွဲအတွက် ရန်ပုံငွေအဖြစ် ရွေးကောက်ပွဲကော်မရှင်ကို အစိုးရက ၆၇ သန်းနဲ့ EU က ယူရို ၂ သန်း ပေးထားတယ်လို့ သတင်းထုတ်ပြန်ချက်တွေအရ သိရှိရပါ တယ်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုတွေကတော့ အခုစက်တင်ဘာလ ၈ ရက်နေ့က စပြီး စတင်နေပါပြီ။ နိုဝင်ဘာလ ၆ ရက်နေ့မှ ပြီးဆုံးမယ့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးတွေက ဒီနှစ်မှာတော့ ပြိုင်ဆိုင်စည်းရုံးမှု ပြင်းထန်ပြီး အတိုက်အခံပါတီကလည်း ဒီနှစ်မှာ မဲဆန္ဒနယ်များပြား တာကြောင့် အားလုံးရဲ့ အားရုံစိုက်ခံရမှုလည်း များပြားနေပါတယ်။

၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ မြန်မာနိုင်ငံရှိသံတမန် အသိုင်းအဝိုင်းကသာ ရွေးကောက်ပွဲကျင်းပတဲ့ရက်မှာ ကြည့်ရှုလေ့လာမှုတွေရှိခဲ့ပြီး လာမယ့် ရွေးကောက်ပွဲအတွက်တော့ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ ပြည်ပက အဖွဲ့အစည်းတွေကိုပါ ဖိတ်ခေါ်ထားပါတယ်။ သို့ပေမယ့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုဟာ ရွေးကောက်ပွဲကျင်းပစဉ်နဲ့ မဲဆွယ်စည်းရုံးစဉ်ကာလမှာလည်း သက်ဆိုင်ရာ ကျင့်ဝတ်တွေနဲ့ညီမညီ စောင့်ကြည့် လေ့လာရန်အပ်မှာ ဖြစ်ပါတယ်။

လက်ရှိမှာ ကော်မရှင်ရဲ့ သဘောတူခွင့်ပြုချက်အရ ဥရောပသမဂ္ဂ၊ အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာတည်ထောင်ထားသော ကာတာစင်တာ၊ နယ်သာလန်နိုင်ငံအခြေစိုက် GCI(Gender Concerns International)နဲ့ IFES(Intern ational Foundation for Elector-al  Systems)တို့က ရွေးကောက်ပွဲကို ရက်ရှည်စောင့် ကြည့်လေ့လာမှုများပြုလုပ်ရန် ကော်မရှင်နှင့် စာချုပ်ချုပ်ဆိုထားပြီး GCI နဲ့လည်း မကြာမီစာချုပ် ချုပ်ဆိုမှာဖြစ်တယ်လို့ သိရပါတယ်။ EU စောင့်ကြည့်ရေးအဖွဲ့မှာ အဖွဲ့ဝင် ၁၀၀ ကျော် ပါဝင်မယ်လို့လည်းသိရပါတယ်။

မကြာခင်ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်မြေ ၁၁၀၀ကျော် ရှိပြီး တစ်ချို့နေရာတွေက ဝေးလံသီခေါင်တာကြောင့် ရွေးကောက်ပွဲ စောင့်ကြည့်မယ့် ပြည်တွင်း၊ပြည်ပက အဖွဲ့အစည်းတွေအနေနဲ့ ဘယ်လောက်ထိ စောင့်ကြည့်နိုင်မလဲ ၊ ပါတီတွေအနေနဲ့ရော ဘယ်လိုပြင်ဆင်ထားကြသလဲ၊ ပြည်တွင်းက မီဒီယာတွေအနေနဲ့ရော ဘယ်လောက်ထိစောင့်ကြည့်နိုင်ကြမလဲ ဆိုတာ ဒီတစ်ပတ် ဒီဗွီဘီ ဒီဘိတ်က ဆွေးနွေးမှာ ဖြစ်ပါတယ်။

**သူတို့အမြင်**

"

အမှန်ကတော့ သူတို့က ဥပဒေနဲ့ ထုတ်ထားတဲ့ ရွေးကောက်ပွဲ ဥပဒေ ရှိတယ်၊ စာနယ်ဇင်းကောင်စီက ထုတ်ထားတဲ့ ကျင့်ဝတ်တွေရှိတယ်။ အဲဒါတွေနဲ့ ညီတယ်ဆိုရင် သတင်းသမားတွေ လွတ်လွတ်လပ်လပ် သတင်းယူခွင့် ပေးသင့်တယ်ပေါ့။ ဘယ်နေရာပဲလာ၊ ဘယ်နေရာ မလာနဲ့ဆိုလို့ ရှိရင် အဲဒါ သတင်းယူတဲ့ နေရာ အကန့်အသတ် အနှောင့်အယှက် ဖြစ်မှာပဲ။ လျှောက်လွှာ တင်တာမျိုးတော့ မလိုအပ်ဘူး ထင်တာပဲ။ဘာဖြစ်လို့လဲဆိုတော့ သတင်းသမားတွေ အနေနဲ့ သက်ဆိုင်ရာ သတင်းဌာနတွေ ရှိတယ်။ သတင်းစာပညာ သင်တန်းကျောင်းတွေ ရှိတယ်။ သူတို့မှာ တရားဝင် ထုတ်ပေးထားတဲ့ သတင်းသမားတွေ ကတ်ပြား ရှိတယ်။ အဲဒါနဲ့ ပြပြီး သွားမှလာမှ ဖြစ်မယ်။ အဲဒီလိုမျိုး ခွင့်ပြုပေး သင့်တယ်။ အဲဒီထက်ပိုပြီး လျှောက်လွှာ တင်တယ်၊ ထပ်ခွင့်ပြုချက် တင်တယ်ဆိုတာမျိုးကတော့ အခက်အခဲတွေ ဖြစ်မှာပေါ့။ နယ်မြေကန့်သတ်တာက Freedom of Expression ကို ကန့်သတ်တာပဲလို့ မြင်တယ်။”

**ဦးသီဟစော** - မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ ယာယီအဖွဲ့ဝင်

“သတင်းဌာနတွေမှာ အင်အားမလုံလောက်ဘူး။ တစ်ယောက်တည်း လေး၊ ငါးမြို့ နယ်လောက် သတင်းယူရတာမျိုးတွေရှိတယ်။ သက်ဆိုင်ရာ သတင်းဌာနက သတင်းထောက်ကတ်ပါရင်၊ ID ပါရင် သတင်းထောက်တိုင်းကို ခွင့်ပြု တာက ပိုအဆင်ပြေတယ်။ တစ်မြို့နယ်မှာ သုံးဦး ဆိုတာမျိုး အကန့်အသတ်နဲ့က မဖြစ်သင့်ဘူး။ **ကိုအားမာန်** - 7 Days သတင်းစာ ဒုတိယအယ်ဒီတာချုပ်

*Information links:*

www.thevoicemyanmar.com

www.dvbdebate.net